# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# (၂၇) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ကျေးသီးမြို့နယ်၊ အမှတ်(၁၃၁) ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်အဖြစ် သိမ်းယူရာတွင် ပါဝင်သွားသော နမ့်ကုံးရေကန် ရေဝေရေလဲဧရိယာ ၃၁ ဧကနှင့် တောင်သူများ၏ စိုက်ခင်း ၁၆၅ ဧကအား ပြည်သူပိုင်အဖြစ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မြေပုံမြို့ပေါ်ရှိပြည်သူများ၊ ၎/မန်းရဲကျွန်းတိုက်နယ်ရှိ ကျေးရွာများ၊ မြေပုံမြို့နယ် အတွင်း မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားရာ ဒေသရှိကျေးရွာများ လျှပ်စစ်မီးသုံးစွဲနိုင်ရန် မည်သို့စီမံဆောင်ရွက် ပေးမည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၇ | ဆိပ်ဖြူလျှပ်စစ် ဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာထိ၊ ပင်းတလဲကျေးရွာနှင့် ဆူးလေကုန်းကျေးရွာထိ မီးတိုင်၊ မီးကြိုးများသွယ်တန်းပြီးဖြစ်ပါ၍ မီးတိုင်၊ မီးကြိုးနှင့်နီးသော ကျေးရွာများအား လျှပ်စစ်မီးပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၈ | ရပ်စောက်မြို့နယ်အတွင်းရှိ 11 KV ဓာတ်အားလိုင်းများမှ (၂) မိုင် အတွင်းရှိသည့် ကျေးရွာများ ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် လယ်သမားတို့၏နှစ်စဉ်စိုက်ပျိုးရာမှ ထွက်ရှိလာသောအရိုး၊ အရွက်နှင့်ကိုင်းဖျားကိုင်းနားများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင် | ၁၆ |

ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

| | | |
|---|---|---|
| ၁၁ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး (၂၈) ရက် မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၂၃ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## (၂၇)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၃-၃-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းအောင်ကျော်၊ ကျေးသီး မဲဆန္ဒနယ်၏ **ကျေးသီးမြို့နယ်၊ အမှတ် (၁၃၁) ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်အဖြစ် သိမ်းယူရာတွင် ပါဝင်သွားသော နမ့်ကုံးရေကန် ရေဝေရေလဲဧရိယာ ၃၁ ဧကနှင့် တောင်သူများ၏ စိုက်ခင်း ၁၆၅ ဧကအား ပြည်သူပိုင်အဖြစ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မိုးမိတ်မြို့တွင် လျှပ်စစ်မီး (၂၄)နာရီ ရရှိသုံးစွဲနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့ပေါ်ရှိ ပြည်သူများ၊ c/မန်းရဲကျွန်းတိုက်နယ်ရှိ ကျေးရွာများ၊ မြေပုံမြို့နယ်အတွင်း မဟာ**

**ဓာတ်အားလိုင်း ဖြတ်သန်းသွားရာဒေသရှိကျေးရွာများ လျှပ်စစ်မီး သုံးစွဲနိုင်ရန် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ဆိပ်ဖြူလျှပ်စစ်ဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာထိ၊ ပင်းတလဲကျေးရွာနှင့် ဆူးလေကုန်းကျေးရွာထိ မီးတိုင်၊ မီးကြိုးများ သွယ်တန်းပြီးဖြစ်ပါ၍ မီးတိုင်၊ မီးကြိုးနှင့် နီးသော ကျေးရွာများအား လျှပ်စစ်မီးပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်အတွင်းရှိ 11 KV ဓာတ်အားလိုင်းများမှ (၂)မိုင်အတွင်းရှိသည့် ကျေးရွာများ ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသာအောင်၊ မြို့သစ် မဲဆန္ဒနယ်၏ **လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် လယ်သမားတို့၏ နှစ်စဉ်စိုက်ပျိုးရာမှ ထွက်ရှိလာသော အရိုး၊ အရွက်နှင့် ကိုင်းဖျားကိုင်းနားများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၂၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
## (၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၄ ရက်၊
(၂) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် အစည်းအဝေးပြီးဆုံးသည်အထိ၊
(၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော အစည်းအဝေးပြီးဆုံးသည်အထိ၊
(၄) မိုင်းရှူးမဲဆန္ဒနယ်မှ စိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး ခွင့် ၄ ရက်၊
(၅) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၃ ရက်၊
(၆) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင် ခွင့် ၄ ရက်၊
(၇) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၂ ရက်၊
(၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၃ ရက်၊
(၉) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊
(၁၀) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၁၁) ဟားခါးမဲဆန္ဒနယ်မှ ဦးနီယာအုပ် ခွင့် ၁ ရက်၊
(၁၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၁၃) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၄ ရက်၊
(၁၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၅) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၄ ရက်၊
(၁၆) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊
(၁၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၁၈) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၄ ရက်၊
(၁၉) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၂၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၅ ရက်၊
(၂၁) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ခွင့် ၁ ရက်၊
(၂၂) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊
(၂၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၄ ရက်၊
(၂၄) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊
(၂၅) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၂၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၄ ရက်၊
(၂၇) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၄ ရက်၊
(၂၈) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၂၉) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၃၀) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၄ ရက်၊
(၃၁) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၄ ရက်၊
(၃၂) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၄ ရက်၊
(၃၃) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၄ ရက်၊
(၃၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၃၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၄ ရက်၊
(၃၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ခွင့် ၄ ရက်၊
(၃၇) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ကျေးသီးမြို့နယ်၊ အမှတ်(၁၃၁) ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်အဖြစ် သိမ်းယူရာတွင် ပါဝင်သွားသော နမ့်ကုံးရေကန် ရေဝေရေလဲဧရိယာ ၃၁ ဧကနှင့် တောင်သူများ၏ စိုက်ခင်း ၁၆၅ ဧကအား ပြည်သူပိုင်အဖြစ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်(ကျေးသီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ လွန်ခဲ့သော သြဂုတ်လကတည်းကတင်ထားတာဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ ကျေးသီးမြို့နယ် အမှတ်(၁၃၁)ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်မြေအဖြစ် သိမ်းယူရာတွင် ပါဝင်သွားသော နမ့်ကုံးရေကန်နှင့် ရေဝေရေလဲ ၃၁ ဧကနှင့် တောင်သူများ၏ တောင်ယာစိုက်ခင်း ၁၆၅ ဧကအား ပြည်သူများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ထားမှုအခြေအနေကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား မေးမြန်းအပ်ပါတယ်။ နမ့်ကုံးရေကန်ဟာ ကျေးသီးမြို့နယ်တည်စ ၁၂၅၁ ခုနှစ်က စော်ဘွား ခွန်စိုင်းကနေ ဦးစီးဦးဆောင်ပြီးတော့ တည်ဆောက်ထားတဲ့ရေကန်ဖြစ်ပါတယ်။ အဲဒီရေကန်ဟာ ၁၉၈၉ ခုနှစ်၊ ၁၉၉၀ ခုနှစ်မှာ ကန်ပြိုပျက်သွားတဲ့အတွက်ကြောင့် နဝတခေတ်မှာ ပြည်သူနဲ့ အစိုးရပူးပေါင်းပြီးတော့ ပြန်လည်မွမ်းမံတည်ဆောက်ထားပါတယ်။ ယခုနှစ်မှာလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ကန်ရဲ့မွမ်းမံပြင်ဆင်ခြင်း၊ စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေး၊ သန့်ရှင်းရေးအတွက် ကျပ် ၁၇၈ သန်း ချမှတ်ပေးပြီးတော့ မွမ်းမံဆောင်ရွက်ထားတာ တွေ့ရပါတယ်။

ကျေးသီးမြို့နယ် ပြည်သူလူထုများအနေနဲ့ ယင်းရေကန်တစ်ခုတည်းကိုသာ မှီခိုအားထားနေရပြီး သောက်သုံးရေသွယ်ယူခြင်း၊ လျှပ်စစ်ဓာတ်အားစက်ရုံတည်ဆောက်ခြင်း၊ ယင်းရေကန်မှတစ်ဆင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အသုံးပြုနေရပါတယ်။ အဲဒီတော့ ယင်းကန်ကို တပ်ပိုင်မြေအဖြစ် သိမ်းဆည်းပြီးဆက်လက်ထားရှိမယ်ဆိုလို့ရှိရင် ရေဝေရေလဲပြုပြင်ထိန်းသိမ်းခြင်း၊ ကန်နုန်းမြေများ သန့်ရှင်းရေးပြုလုပ်ရာတွင် အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ အဲဒီအခက်အခဲများကြောင့် မြို့သူမြို့သားများဟာ စိုးရိမ်ပူပန်မှုများစွာနဲ့ ရင်တမမခံစားနေရပါတယ်။ နောက်တစ်ခုကတော့ တောင်ယာမြေ ၁၆၅ ဧကသည်လည်း လက်ရှိ တပ်ခြံစည်းရိုးကာထားတဲ့နယ်မြေနဲ့ အစွန်အဖျားမှာ တည်ရှိခြင်း၊ တပ်ရဲ့အဆောက်အဦနှင့် အဝေးဆုံးနေရာတွင်တည်ရှိခြင်း၊ မူလပိုင်ရှင် နောင်ရိုးရွာနှင့်လည်း နီးကပ်စွာတည်ရှိခြင်းတို့ကြောင့် ယင်းတောင်သူများကို ငဲ့ညှာသောအားဖြင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒီမြေနဲ့ပိုင်ဆိုင်မှုအထောက်အထားဆိုတာလည်းပဲ

ဒေသခံပြည်သူများဟာ ဖွံ့ဖြိုးမှုအားနည်းသောကြောင့် လုပ်ရမှန်းလည်းမသိ၊ လုပ်ရန်လည်းမည်သူမျှ မညွှန်ကြား၊ ပြည်သူများဟာ မိရိုးဖလာလုပ်ငန်းများအတိုင်းသာ ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယင်းရေကန် ရေဝေရေလဲ ၃၁ ဧကနှင့် တောင်ယာမြေ ၁၆၅ ဧကအား မြို့သူမြို့သားများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ရဲ့ ကျေးသီးမြို့နယ်အတွင်းရှိ အမှတ်(၁၃၁) ခြေလျင်တပ်ရင်းမှ တပ်ရင်းပိုင်အဖြစ် သိမ်းယူရာတွင် ပါဝင်သွားသော နမ့်ကုံးရေကန် ရေဝေရေလဲဧရိယာ ၃၁ ဧကနှင့် တောင်သူများ၏ စိုက်ခင်း ၁၆၅ ဧကအား အများပြည်သူလူထုပိုင်အဖြစ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်၌ စွန့်လွှတ်ပေးမည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ မြေနေရာများသည် အမှတ် (၁၃၁) ခြေလျင်တပ်ရင်း၏ တပ်ပိုင်မြေ ၅၈၀ ဧကအတွင်းပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါစာအမှတ်၊ ၂၀၀/၁-၅/ ဦး ၁ ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းတွင် တောင်သူများ၏ စိုက်ခင်းမြေ ၁၆၅ ဧကဟု ဖော်ပြထားသော်လည်း တပ်မြေသိမ်းယူစဉ်က ရွှေ့ပြောင်းတောင်ယာမြေ ၁၅ ဧက၊ သုသာန်မြေ ၃.၅ ဧကနှင့် မြေလွတ်မြေလပ် ၅၆၁.၅ ဧကပဲ ဖြစ်ပါတယ်။ တောင်ယာမြေ ၁၅ ဧကမှာ ယာယီတောင်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့ခြင်းသာဖြစ်ပြီး ပိုင်ဆိုင်မှုအထောက်အထားမရှိကြောင်းနှင့် သုသာန်မြေ ၃.၅ ဧကမှာလည်း မြေနေရာသစ်သို့ ရွှေ့ပြောင်းထားပြီးဖြစ်သဖြင့် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့ရခြင်းပဲ ဖြစ်ပါတယ်။

နမ့်ကုံးရေကန်သည် သဘာဝရေများထွက်ရှိသည့် ရေကန်ဖြစ်ပြီး မြို့နေပြည်သူများ သောက်ရေ၊ သုံးရေအဖြစ် သုံးစွဲလျက်ရှိသည့်အပြင် ကိုယ်ထူကိုယ်ထအသေးစားလျှပ်စစ်ဓာတ်အား ထုတ်ယူပြီး မြို့တွင်းသို့ လျှပ်စစ်မီးများ ပေးဝေအသုံးပြုလျက်ရှိကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆိုပါရေကန်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ငွေကျပ် ၁၈၇ သန်း ခွင့်ပြုထားကြောင်း စိစစ်သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများ အသုံးပြုလျက်ရှိသည့် သဘာဝရေများထွက်ရှိသည့် နမ့်ကုံးရေကန်နှင့် ရေဝေရေလဲဧရိယာ ၃၁ ဧကအား မြို့နယ်အတွင်းရှိ ပြည်သူလူထု၊ ရဟန်းသံဃာနှင့် ရပ်မိရပ်ဖများ၏ သဘောဆန္ဒအတိုင်း အများပြည်သူလူထုပိုင်အဖြစ် ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် တောင်သူများ၏ စိုက်ခင်းမြေ ၁၆၅ ဧကသည် တပ်မြေသိမ်းယူစဉ်ကပင် ယာယီတောင်ယာစနစ်ဖြင့်

စိုက်ပျိုးခဲ့သော ရွှေ့ပြောင်းတောင်ယာမြေ၊ သုသာန်မြေ၊ မြေလွတ်မြေလပ်အမျိုးအစားဖြစ်ပြီး သုသာန်မြေကိုလည်း မြေနေရာအသစ်သို့ ရွှေ့ပြောင်းထားပြီးဖြစ်သောကြောင့် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့ရခြင်းဖြစ်ပါတယ်။ တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်ရရှိခဲ့ပြီး ဖြစ်ခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားတစ်စုံတစ်ရာမရှိခြင်း၊ တပ်ရင်း၏အဆောက်အဦ၊ စက်ပစ်ကွင်းများနှင့် နီးကပ်စွာတည်ရှိနေခြင်းတို့ကြောင့် လုံခြုံရေးအရ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ ကာကွယ်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**မိုးမိတ်မြို့တွင် လျှပ်စစ်မီး(၂၄)နာရီ ရရှိသုံးစွဲနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသောဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မိုးမိတ်မြို့ဟာ ရှမ်းစော်ဘွားများလက်ထက်ကတည်းက တည်ရှိခဲ့တဲ့မြို့ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့ရဲ့အနေအထားဟာဆိုလို့ရှိရင် အဲဒီလက်ထက်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်ကစတုန်းကတော့ လျှပ်စစ်မီးလင်းရေးဟာဆိုရင် ၂၄ နာရီရပါတယ်။ အခု အဲဒီနောက်ပိုင်းမှာ လျှပ်စစ်မီးဟာ ရရှိမှုမရှိတော့ပါဘူး။ လျှပ်စစ်မီးမရရှိတော့တဲ့အတွက် ကျွန်တော်တို့မိုးမိတ်မြို့မှာဆိုရင် အခုဆိုလို့ရှိရင် ခရိုင်မြို့လည်းဖြစ်နေပါပြီ။ စစ်တပ်ကလည်းသုံးတပ်၊ အခြေချစစ်ဗျူဟာတစ်ခုတည်ဆောက်ပြီးတော့ အထက်တန်းကျောင်းကလည်းသုံးကျောင်း၊ ကျောင်းခွဲတွေကလည်းလေးကျောင်းပေါ့နော်။ အထက်တန်းကျောင်းခွဲတွေ ဒါတွေလည်းရှိပါတယ်။ အဲဒီတော့ ဒီမှာဆိုလို့ရှိရင် ကျောင်းသားကျောင်းသူလေးတွေက ဒီလိုစာမေးပွဲဖြေတဲ့အချိန်မှာ အင်မတန်မှ အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ခရိုင်မြို့လည်းဖြစ်နေတဲ့အတွက် ကျွန်တော်တို့မြို့ရဲ့ လျှပ်စစ်မီးလေးကို ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်လမှာ စတင်ပြီးရရှိပါ့မလဲဆိုတာကို ကျွန်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး

ကျွန်တော် ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။

မိုးမိတ်မြို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ၁၃၂ ကေဗွီခွဲရုံဖြစ်တဲ့ လက်ပံလှခွဲရုံကနေတစ်ဆင့် ဇရပ်ကွင်းခွဲရုံကို ၆၆ ကေဗွီလိုင်းနဲ့ စတင်ဓာတ်အားပို့လွှတ်ရမှာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းက မြေပုံပေါ်မှာ ဘယ်ဘက်အစိမ်းရောင်လိုင်းနဲ့ တင်ပြထားတာဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းတည်ဆောက်တာ ပြီးစီးသွားပြီဖြစ်ပါတယ်။ ဇရပ်ကွင်းအထိ ကျွန်တော်တို့ ဓာတ်အားပို့လွှတ်နိုင်မယ့်အခြေအနေ ဖြစ်ပါတယ်။

ဒီ့အပြင် မိုးမိတ်မြို့ကို ၂၄ နာရီပေးနိုင်ဖို့အတွက် ၆၆ ကေဗွီ မိုးကုတ်-မိုးမိတ်ဓာတ်အားလိုင်း ၂၄.၆၅ မိုင်နှင့် မိုးမိတ်မြို့အတွင်းမှာ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှစတင်၍လည်းကောင်း၊ မိုးမိတ်ဓာတ်အားခွဲရုံမှတစ်ဆင့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ကို ဓာတ်အားပေးနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း ခြောက်မိုင် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာခြောက်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၄.၅ မိုင်တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့်လည်းကောင်း၊ မိုးမိတ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၁၄ ရွာကို ဓာတ်အားပေးနိုင် ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀.၈ မိုင်နဲ့ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၂၁ လုံးနဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၁.၉၇ မိုင်တို့ကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်များမှာ ပြည်နယ်အစိုးရရန်ပုံငွေများနဲ့ တည်ဆောက်ထားပြီးဖြစ်ပါတယ်။

တင်ပြပါမြေပုံပေါ်မှာပါရှိတဲ့ ဇရပ်ကွင်းမှသည် မိုးကုတ်သို့ လက်ရှိက ၃၃ ကေဗွီ အနီရောင် ဓာတ်အားလိုင်းလေးနဲ့ ဓာတ်အားပေးထားတာဖြစ်ပါတယ်။ သို့သော် အဲဒီဓာတ်အားလိုင်းဟာ နှစ်ရှည်နှစ်ကာလကြာမြင့်တာကတစ်ကြောင်းရယ်၊ တောတောင်တွေကို ထူထပ်စွာတည်ဆောက်ထားတဲ့ အတွက်ကြောင့်မို့လို့ မိုးကုတ်မြို့ရဲ့လျှပ်စစ်အခြေအနေပင်လျှင် အားရမှုမရှိပါဘူး။ ဒီ့အတွက်ကြောင့် မြေပုံပေါ်မှာပါရှိတဲ့ အစိမ်းရောင် Dot Line နဲ့ ၆၆ ကေဗွီဓာတ်အားလိုင်းအသစ်ကို တည်ဆောက်နေတာဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းတည်ဆောက်မှုဟာ ယခုမတ်လ လဆန်းပိုင်းမှာ တည်ဆောက်လို့ပြီးစီးသွားပြီဖြစ်ပါတယ်။ ဒီ့အတွက် တည်ဆောက်ပြီးစီးသွားတဲ့ဓာတ်အားလိုင်းကနေ ဓာတ်အားပို့လွှတ်ဖို့ရာ ဇရပ်ကွင်းဓာတ်အားခွဲရုံကို မီးပိတ်ရပါမယ်။ မိုးကုတ်ဓာတ်အားခွဲရုံကိုမီးပိတ်ရပါမယ်။ ပြီးတော့မှ ဓာတ်အားလိုင်းကိုချိတ်ဆက်ရမှာဖြစ်တဲ့အတွက်ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုစဉ်ကာလအတွင်း အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရင် စာမေးပွဲဖြေဆိုမှုနှင့် စာပေလေ့လာမှုများကို အနှောင့်အယှက်ဖြစ်မှာစိုးတဲ့အတွက်ကြောင့် ယခုရက်ပိုင်းအတွင်းမှာ ထိုလုပ်ငန်းများ ဆိုင်းငံ့ထားတာဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှုကာလများပြီးဆုံးသွားတဲ့အချိန်မှာ မိုးကုတ်မြို့အထိ ၆၆ ကေဗွီဓာတ်အားကို ၂၀၊ ၂၁၊ ၂၂ ဒီမတ်လရက်အတွင်းမှာ မိုးကုတ်ကိုစတင်ပို့လွှတ်တော့မှာ ဖြစ်ပါတယ်။ မိုးကုတ်ကို ဓာတ်အားရရှိသွားပြီဆိုရင် မိုးကုတ်မှမိုးမိတ်သို့ ဓာတ်အားလိုင်းဟာ အသင့်တည်ဆောက်ပြီးစီးသွားပြီဖြစ်တဲ့အတွက်ကြောင့် ထပ်ဆင့်ဆောင်ရွက်ရမယ့်လုပ်ငန်းများကို အခုမတ်လ နောက်ဆုံးပတ်အတွင်းမှာ ဆောင်ရွက်ပြီး ဓာတ်အားပို့လွှတ်သွားမှာဖြစ်ပါတယ်ဆိုတာကို ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြေပုံမြို့ပေါ်ရှိ ပြည်သူများ၊ င/မန်းရဲကျွန်းတိုက်နယ်ရှိကျေးရွာများ၊ မြေပုံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်း ဖြတ်သန်းသွားရာဒေသရှိကျေးရွာများ လျှပ်စစ်မီးသုံးစွဲနိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေပုံမြို့ပေါ်မှာ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးနဲ့ မြို့နယ်အတွင်းကျေးရွာအချို့မှာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို မေးခွန်းမေးပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြေပုံမြို့ကို လွန်ခဲ့တဲ့နှစ် အောက်တိုဘာလ ၁ ရက်နေ့ကနေပြီး မဟာဓာတ်အားလိုင်းကနေပြီးတော့ လျှပ်စစ်ဓာတ်အားကို သုံးစွဲခွင့်ရတဲ့အတွက် မြေပုံမြို့နယ်သူမြို့နယ်သားများကိုယ်စား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရကို လွန်စွာကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ဆက်လက်ပြီးတင်ပြရမယ်ဆိုရင် မြေပုံမြို့ပေါ် ၉ ရပ်ကွက်မှာ အိမ်ထောင်စုပေါင်း ၂၆၀၀ ကျော်ရှိပါတယ်။ အဲဒီထဲက တစ်ဝက်လောက်နီးပါးကိုပဲ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ပါသေးတယ်။ အဲဒါကြောင့် ကျန်တဲ့နေရာတွေကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မြို့နယ်လျှပ်စစ်မှူးကို မေးကြည့်တဲ့အခါမှာ သဲတန်းရပ်ကွက်နဲ့ ကံသာထွက်ရပ်ကွက်အတွက် ၁၁/ဝ.၄ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်နိုင်ဖို့ လိုအပ်တယ်လို့ ကျွန်တော့်ကိုပြောပြပါတယ်။ အဲဒါကြောင့် အဲဒီမြို့ပေါ်မှာ လျှပ်စစ်မီးအလုံအလောက်ရရှိရေးအတွက် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုကူညီဆောင်ရွက်နိုင်မလဲဆိုတာကို ပထမဦးစွာမေးကြားလိုပါတယ်။ ဒုတိယအနေနဲ့ကတော့ မြေပုံမြို့ရဲ့ ၁၀ မိုင်ပတ်လည်အတွင်းမှာရှိတဲ့ င/မန်းရဲကျွန်းမှာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အဲဒီဒေသမှာရှိတဲ့ ကျေးရွာတွေအမြောက်အများက ရွာပေါင်း ၁၀ ကျော်လောက်က ဒါကိုမျှော်လင့်တောင့်တနေကြပါတယ်။ အဲဒီဒေသကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမယ်ဆိုရင် ပေ ၁၅၀၀ ခန့်ရှိတဲ့ ကြပ်စင်မြင့်နဲ့ ပေ ၃၅၀ ခန့်ရှိတဲ့ မဟိုင်းချောင်းတို့ကို ဖြတ်ပြီးတော့ သွယ်တန်းရမှာဖြစ်တဲ့အတွက်နဲ့ အဲဒီဒေသလျှပ်စစ်မီးရရှိရေးအတွက် ဝန်ကြီးဌာနကဘယ်လိုကူညီဆောင်ရွက်သွားမယ်ဆိုတာကို သိလိုပါတယ်။

တတိယမေးခွန်းအနေနဲ့ကတော့ မင်းပြားမြို့ရယ်၊ မြေပုံမြို့ရယ်၊ အမ်းမြို့ရယ် အဲဒီမဟာဓာတ်အားလိုင်း တောက်လျှောက်ဖြတ်သန်းသွားတဲ့နေရာတွေမှာ ကျေးရွာအများအပြားဟာ လျှပ်စစ်မီးကိုမရရှိကြသေးပါဘူး။ ကျွန်တော်တို့ မြေပုံမြို့နယ်မှာဆိုရင် ကျေးရွာပေါင်း အဲဒီလျှပ်စစ်ဓာတ်အားလိုင်းဖြတ်သန်း သွားတဲ့ လိုင်းအောက်မှာနေရတဲ့ ကျေးရွာပေါင်းဟာ ၃၅ ရွာလောက်ရှိပါတယ်။ သူတို့ကလည်း လျှပ်စစ်ဓာတ်အားလိုင်းကိုကြည့်ပြီးတော့ မြင်သာမြင်ရ မကြင်ရဆိုတဲ့ဘဝမျိုးနဲ့ လွန်စွာပဲ လျှပ်စစ်မီးရရှိဖို့အတွက် မျှော်လင့်တောင့်တနေကြပါတယ်။ အဲဒီအခက်အခဲကိုလည်း ဝန်ကြီးဌာနက ဘယ်လိုကူညီဆောက်ရွက်ပေးသွားမယ်ဆိုတာသိလိုပါကြောင်း မေးခွန်းမေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမေးမြန်းတဲ့ မြေပုံမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိဖို့ရာ မည်သို့စီမံဆောင်ရွက်ပေးမယ်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့မှာ အိမ်ခြေ ၂၆၀၀ ခန့်ရှိတဲ့အနက်ကနေ အိမ်ခြေတစ်ဝက်ကျော်ကတော့ လက်ရှိဓာတ်အားဖြန့်ဖြူးပေးထား နိုင်ခဲ့ပြီးဖြစ်ပါတယ်။ မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်တွေမှာ လျှပ်စစ်မီးရရှိဖို့ ကျန်ရှိနေတဲ့ပြည်သူတွေ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် ၄၀၀ ဗို့ဓာတ်အားလိုင်းတွေကို ပေ ၂၀၆၀ ပေ ကို အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်နယ်အစိုးရရဲ့ဖြည့်စွက်ရန်ပုံငွေနဲ့ တည်ဆောက်လျက်ရှိပါတယ်။ သဲတန်းရပ်ကွက်အတွင်းမှာ နောက်ထပ် ၁၁/၀.၄၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့ တည်ဆောက်ဖို့ရာ လိုအပ်လျက်ရှိတာကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့ ပြည်နယ်အစိုးရရဲ့ ပိုလျှံရန်ပုံငွေနဲ့ တည်ဆောက်ပေးဖို့ စီစဉ်ဆောင်ရွက်ထားပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပထမဦးစွာမေးခွန်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မြေပုံမြို့နယ် ငါ/မန်းရဲကျွန်းတိုက်နယ်ရှိ ကြက်ရေကြီးကျေးရွာ၊ ဝကောက်ကြီး ကျေးရွာ၊ ပြင်ချောင်းကျေးရွာ၊ ပြင်ငခူကျောင်းကျေးရွာ၊ ငမန်းရဲကြီးကျေးရွာနှင့် လွန်းလုံးပိုက်ကျေးရွာ စတဲ့ ကျေးရွာခြောက်ရွာတွေကို လျှပ်စစ်ဓာတ်အားပေးဖို့အစီစဉ်ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ အဆိုပါ ကျေးရွာများဟာ မြေပုံပေါ်မှာ ဘယ်ဘက်အစွန်ဆုံးဒေသမှာ တည်ရှိတဲ့ကျေးရွာများဖြစ်ပါတယ်။ လက်ရှိက မြေပုံမှာဓာတ်အားခွဲရုံ လေးတည်ဆောက်ထားပြီးဖြစ်ပါတယ်။ အဆိုပါကျေးရွာများကို ဓာတ်အားပေးနိုင်ဖို့အတွက် မြစ်ချောင်း အကျယ်ကို ကျွန်တော်တို့ ဓာတ်အားလိုင်းကျော်ဖြတ်ပြီး မြေပုံပေါ်မှာ dot လိုင်းနဲ့ဖော်ပြထားတဲ့ ဓာတ်အားလိုင်းများကို တည်ဆောက်သွားရမှာဖြစ်ပါတယ်။

အဆိုပါ ကျွန်းလိုဖြစ်ပေါ်နေတဲ့ဒေသထဲမှာ ရွာပေါင်းများစွာကျဲပြန့်ပြီး တည်ရှိနေတာဖြစ်ပါ တယ်။ အဆိုပါတည်ရှိနေမှုများကို ကျွန်တော်တို့ဝန်ကြီးဌာနက လေ့လာစူးစမ်းခဲ့ပါတယ်။ အကွာအဝေး များရယ်၊ နေထိုင်တဲ့လူဦးရေများရယ် စတင်လေ့လာခဲ့ပြီးတော့ ကျွန်တော်တို့ဖြစ်နိုင်ချေအရှိဆုံးနှင့် အသင့်တော်ဆုံးအစီအစဉ်ကို ကျွန်တော်တို့ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးစွာအနေနဲ့ ကျေးရွာခြောက်ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၁ မိုင် ခန့်နဲ့ ၁၁.၄ ထရန်စဖော်မာရှစ်လုံး၊ ၄၀၀ ဖို့ဓာတ်အားလိုင်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေထဲမှာထည့်သွင်းလျာထားပြီး ဆောင်ရွက်ပေးဖို့ ညှိနှိုင်းဆောင်ရွက် သွားမှာဖြစ်ပါကြောင်း ဒုတိယမေးခွန်းအား ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ မြေပုံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်းဖြတ်သန်းသွားရာဒေသ တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးဖို့အတွက် မင်းပြားဓာတ်အားခွဲရုံ

ကနေပြီးတော့ ကြာအင်းတောင်ဓာတ်အားခွဲရုံကို မြေပုံပေါ်မှာ အပေါ်ဘက် dot လိုင်းနဲ့ဖော်ပြထားတဲ့၊ အနီရောင်မျဉ်းနဲ့ဖော်ပြထားတဲ့ ဓာတ်အားလိုင်းကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၇.၅ မိုင်တည်ဆောက်ခြင်းနဲ့ ကြာအင်းတောင်ကျေးရွာမှာ ၃၃/၁၁၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနက ၅ နှစ်စီမံကိန်းမှာ ထည့်သွင်း ရေးဆွဲထားတာဖြစ်တဲ့အတွက်ကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ လျာထားဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဆိပ်ဖြူလျှပ်စစ် ဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာထိ၊ ပင်းတလဲကျေးရွာနှင့် ဆူးလေကုန်းကျေးရွာထိ မီးတိုင်၊ မီးကြိုးများသွယ်တန်းပြီးဖြစ်ပါ၍ မီးတိုင်၊ မီးကြိုးနှင့်နီးသော ကျေးရွာများအား လျှပ်စစ် မီးပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ဆိပ်ဖြူဓာတ်အားခွဲစက်ရုံကနေပြီးတော့ လက်ဆယ် ကျေးရွာအထိ မီးလိုင်းများသွယ်တန်းပြီးပါပြီ။ နောက်ပင်းတလဲကျေးရွာထိလည်း မီးလိုင်းများ သွယ်တန်းပြီးပါပြီ။ ဆူးလေကုန်းကိုလည်း သွယ်တန်းပြီးပါပြီ။ သွယ်တန်းပြီးတဲ့လိုင်းများအနီးအနားမှာ ရှိတဲ့ရွာတွေကို မီးသွယ်တန်းပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၇-၆-၂၀၁၆ ခုနှစ်မှာ ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို မေးခွန်းသုံးခုမေးခဲ့ပါတယ်။ ပထမမေးခွန်းကတော့ လက်ဆယ်ကျေးရွာထိမီးသွယ်ပေးနိုင်ခြင်းရှိ/မရှိ၊ ဒုတိယမေးခွန်းက ပင်းတလဲ ကျေးရွာထိ မီးသွယ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ ကျန်ရွာများ မီးသွယ်ပေးနိုင်ခြင်းရှိ/မရှိတို့ကို မေးမြန်းခဲ့ပါ တယ်။ အဲဒီလိုမေးမြန်းခဲ့တဲ့အခါမှာ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးက ပထမမေးခွန်းနှစ်ခုကို သွယ်တန်းပေးမယ်လို့ ကတိပေးခဲ့ပါတယ်။ အဲဒီကတိပေးတဲ့အတိုင်းပဲ ဝန်ကြီးကနေပြီးတော့ 11 KV လိုင်းတွေကို မီးကြိုးနဲ့ဓာတ်တိုင်တွေ သွယ်တန်းပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့အကျိုးပြုမည့်ရွာ နှင့်လူဦးရေပါ။ ဆိပ်ဖြူကနေ လျှပ်စစ်ဓာတ်အားလိုင်းဓာတ်အားခွဲရုံကနေပြီးတော့ လက်ဆယ်ထိ သွယ်တန်းထားတဲ့ပုံပါ။ ဒါကတော့ ဆိပ်ဖြူကနေပြီးတော့ ဓာတ်အားခွဲစက်ရုံကနေပြီးတော့ ပင်းတလဲ ကျေးရွာအထိ လျှပ်စစ်မီးတိုင်နှင့် လျှပ်စစ်ကြိုးများသွယ်တန်းထားတဲ့ပုံပါ။ အကျိုးပြုရွာနှင့်လူဦးရေပါ။ ဒါကတော့ ဆိပ်ဖြူမြို့နယ်မှာ ဓာတ်အားလိုင်း၊ ဓာတ်တိုင်နှင့် မီးကြိုးလိုင်းများ ဆူးလေကုန်းထိ သွယ်ပေးထားတဲ့အနေအထားပါ။ အကျိုးပြုရွာနဲ့လူဦးရေပါ။ ဒါကတော့ ကျွန်တော်တို့ပင်းတလဲ ကျေးရွာနှင့် ဆိပ်ဖြူကြားမှာရှိတဲ့ ချောင်းမကြီးကျေးရွာက ကိုယ်ထူကိုယ်ထလုပ်ထားတဲ့ မီးလိုင်းတွေပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒေသခံပြည်သူများအနေနဲ့စိုက်ထူထားသောမီးတိုင်နှင့်မီးကြိုး များကိုကြည့်ပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်လာမယ့်အခြေအနေကိုတွေးပြီးတော့ ပျော်နေကြပါတယ်။ အဲဒီတော့ နှစ်ပေါင်းများစွာ မမြင်ရတဲ့လျှပ်စစ်မီးကို မြင်ရတော့မယ်ဆိုတော့ သေဆုံးသွားခဲ့ တဲ့ဘိုးဘွား ဘီဘင်တွေကို ပြည်သူကရွေးကောက်တင်မြှောက်တဲ့ပြည်သူ့အစိုးရလက်ထက်မှာ လျှပ်စစ် မီးရတော့ မယ်ဟေ့လို့ အော်လိုက်ချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သွယ်တန်းထားသော 11 KV လျှပ်စစ်ဓာတ်အားလိုင်းမှာ ကျေးရွာအသီးသီး သို့ လျှပ်စစ်ဓာတ်အားရောက်ရှိရေးမှာမူ ဆင်းရဲနွမ်းပါးသူများဖြစ်ကြသည့်အားလျော်စွာ အများစုမှာ ကိုယ်ထူကိုယ်ထ မဖြည့်စွမ်းနိုင်ကြပါ။ လျှပ်စစ်မီးတိုင်များအောက်တွင် မရှုနိုင်မကယ်နိုင်ရင်မောနေကြ ရပါတယ်။ လျှပ်စစ်မီးသွယ်တန်းပေးမယ်ဆိုပါက အကျိုးအနန္တပါ။ သို့ပါ၍ ကျွန်တော်မေးလိုသည်မှာ ဆိပ်ဖြူလျှပ်စစ်ဓာတ်အားခွဲစက်ရုံမှ လက်ဆယ်ကျေးရွာအထိ၊ ဆိပ်ဖြူဓာတ်အားခွဲစက်ရုံမှ ပင်းတလဲ ကျေးရွာအထိနှင့် ဆိပ်ဖြူဓာတ်အားခွဲစက်ရုံမှ ဆူးလေကုန်းကျေးရွာအထိ ကျေးရွာများအား ကျေးရွာ နှင့်နီးစပ်သောဓာတ်အားလိုင်းများနှင့် 11 KV လိုင်းများနှင့်နီးစပ်သောကျေးရွာများအား လျှပ်စစ်မီး သွယ်တန်းပေးနိုင်ခြင်းရှိ/မရှိ၊ မပေးနိုင်ပါက အဘယ်ကြောင့်နည်း၊ ပေးနိုင်ပါက မည်သည့်အချိန်၊ မည်သည့်ကာလတွင်ပေးမည်ဖြစ်သနည်း။ မပေးနိုင်ပါက အဘယ့်ကြောင့်ဆိုသည်ကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးပါပဲ။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ မကွေး တိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါကိုယ်ကကို ဆိပ်ဖြူခွဲရုံကနေပြီးတော့ လျှပ်စစ်ဓာတ်အားလိုင်း တွေဆွဲသွားပြီးတဲ့ ကျေးရွာတွေရဲ့ဟာကို မြေပုံများနဲ့ တင်ပြပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဖြည့်စွက်ဖြေကြားမှု မပြုတော့ပါဘူး။ စလင်းမြို့နယ် တညောင်ကျေးရွာအထိကို တည်ဆောက်ထား ပြီးဖြစ်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းဝန်းကျင်မှာရှိတဲ့ ဆိပ်ဖြူမြို့နယ်အတွင်းက ရေလည်ကျွန်း၊ ချင်တောင်၊ တောင်ငယ်လုံး၊ သံဇလို၊ ကမ္ဘားကြီး၊ ငွေးပင်ချောင်း၊ ဆူးလေကုန်း၊ ခြောက်အိမ်တန်း၊ ဇီးကပ်၊ မရိုးခုံ၊ ရွာသာအေး၊ ကံသာအေး၊ ရေလည်သောင်၊ ကျီးပင် စတဲ့ကျေးရွာ ၁၄ ရွာ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP ရဲ့ပထမအဆင့် မှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားဖို့ စီစဉ်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။

ထို့အပြင် ဆိပ်ဖြူ-ပင်းတလဲ ၁၁ ကေဗွီ ဓာတ်အားလိုင်းဝန်းမှာကျင်ရှိတဲ့ ချောင်းမကြီး (အရှေ့) ကျေးရွာ၊ မယ်ဇလီကွေ့၊ ပင်းတလဲ၊ တူရွင်းမျော စတဲ့ကျေးရွာ ၄ ရွာကို လျှပ်စစ်ဓာတ်အားရရှိဖို့ လိုအပ်တဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂.၇ မိုင်နှင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၆

လုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ တိုင်းဒေသကြီးအစိုးရရဲ့ရန်ပုံငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မယ့်ကိစ္စကို ညှိနှိုင်းပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆိပ်ဖြူဓာတ်အားခွဲရုံမှ လက်ဆယ်ကျေးရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင်ဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ တိုင်းဒေသကြီးအစိုးရရဲ့ရန်ပုံငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ထိုဓာတ်အားလိုင်းရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာ ၃၀ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးဖို့အတွက် ထပ်မံလိုအပ်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ထရန်စဖော်မာများကိုလည်း နှစ်အလိုက် မကွေးတိုင်းဒေသကြီးရဲ့ ဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးဖို့ တိုင်းဒေသကြီးအစိုးရထံ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရပ်စောက်မြို့နယ်အတွင်းရှိ 11 KV ဓာတ်အားလိုင်းများမှ (၂)မိုင်အတွင်းရှိသည့် ကျေးရွာများ ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်အတွင်းရှိ 11 KV ဓာတ်အားလိုင်းများမှ ၂ မိုင်အတွင်းရှိကျေးရွာများ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝများ ပိုမို့ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏မဲဆန္ဒနယ် ရပ်စောက်မြို့နယ်သည် မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာ ၂၃၀ ရှိပါတယ်။ မြို့နယ်အတွင်း လူဦးရေ တစ်သိန်းငါးသောင်းဝန်းကျင်နေထိုင်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များတွင် လူဦးရေ တစ်သောင်းခုနစ်ထောင်ကျော်နှင့် ကျေးရွာများတွင် တစ်သိန်းသုံးသောင်းကျော် နေထိုင်လျက်ရှိပါတယ်။ ကျေးရွာများအသီးသီးတွင် နေထိုင်ကြသော ရပ်မိရပ်ဖ ကျေးရွာခေါင်းဆောင်များသည် မိမိတို့ကျေးရွာများ မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်အတွက် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံတိုင်း တင်ပြဆွေးနွေးမှုများ ရှိနေပါတယ်။ ကျွန်တော်တို့ရပ်စောက်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားမရရှိသေးသော ကျေးရွာများအားလုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်ခွဲရုံနှင့် ဓာတ်အားလိုင်းများ နှစ်အလိုက်တိုးချဲ့၍ စီမံချက်၊ လျာထားချက်များထားရှိပြီး ဆောင်ရွက်ပေးရန်လည်း လိုအပ်နေပါတယ်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုများ တစ်ပြေးညီ တန်းတူမျှတစွာတိုးတက်စေရန်အတွက် ကျေးလက်ဒေသကျေးရွာများတွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ ကျေးရွာများရှိ ရပ်မိရပ်ဖ ပြည်သူများမှလည်း မိမိတို့ကျေးရွာ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများနှင့် ဆက်သွယ်တင်ပြပြီး

ကျေးရွာမီးလင်းရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊ လိုအပ်သော ဖြည့်စွက်ငွေကြေးများ ကြိုတင်စုဆောင်း ဘဏ်သို့အပ်နှံခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ ရပ်စောက်မြို့နယ်၊ ရပ်စောက်မြို့ပတ်ဝန်းကျင်ရှိကျေးရွာများအတွက်(က) မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနမှ ချိတ်ဆက်ဆောင်ရွက်နိုင်သော မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိသော 11 KV ဓာတ်အားလိုင်းမှ ၂ မိုင်အတွင်းရှိကျေးရွာများဖြစ်သည့် လှည်းတိုး၊ ဘန်ကွေး၊ စလဲ၊ ပွေး၊ အောင်သာ၊ နန်းဟူး၊ ငါးပင်ရွာသစ်၊ ငါးပင်ရွာဟောင်း၊ လယ်မီး၊ ရေဝန် စသည့်ကျေးရွာများ၊ (ခ) ကောင်းဘို့ ကိုယ့်အားကိုယ်ကိုး 11 KV ဓာတ်အားလိုင်းများမှ ၂ မိုင်အတွင်းရှိ ကျေးရွာများဖြစ်သည့် မကျီးကုန်း၊ မြေနီကုန်း၊ ကြာအင်း၊ နောင်ဘို၊ မြောင်းတော်၊ နောင်သခေါ်၊ ဂနိုင်ကြီး၊ ပိန္နဲကုန်း၊ ကျောက်ဆုံကုန်း၊ တောင်ကွေး၊ လယ်ယမ်းကြား စသည့်ကျေးရွာများ၊ (ဂ) ပင်ဖြစ် ကိုယ့်အားကိုယ်ကိုး 11 KV ဓာတ်အားလိုင်းမှ ၂ မိုင်းအတွင်းရှိကျေးရွာများဖြစ်သည့် ရတနာပုံအရှေ့ ဆီဆုံ၊ ဘန်းအုံ၊ ဆင်လျော၊ ရွှေဘုံသာ၊ ဘုရားငါးဆူ၊ မြေနီကုန်း၊ သမိုင်းကုန်း၊ မြို့ဦး(၁)၊ မြို့ဦး(၂)၊ မြို့ဇိုး စသည့်ကျေးရွာများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ်များရှိ/မရှိ၊ ကျေးရွာအသီးသီးရှိ ရပ်မိရပ်ဖပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ကျေးရွာများရဲ့အရေအတွက်က အရမ်းများပါတယ်။ ကျွန်တော်နာမည်တွေရွတ်ဆိုမယ့်အစား ကျေးရွာစုစုပေါင်း ၃၂ ရွာရှိတယ်လို့ မေးမြန်းတယ်လို့ တင်ပြပါရစေ။ အဆိုပါ ၃၂ ရွာအနက် ၃၀ ရွာသည် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP ရဲ့ ပထမအဆင့်မှာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စီစဉ်လျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ NEP ရဲ့ပထမအဆင့်မှာပါတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်တဲ့ ၁၁/၀.၄ ထရန်စဖော်မာတွေ၊ ကွန်ကရစ်ကျောက်တိုင်တွေ၊ Steel Pole တွေ၊ ဒါတွေကို ဝယ်ယူရေးအတွက်ကို ၂၃-၁၁-၂၀၁၇ ရက်နေ့မှာ ပစ္စည်းဝယ်ယူရေးစာချုပ်တွေ ချုပ်ဆိုခဲ့ပြီး ဖြစ်ပါတယ်။ ACSR ဓာတ်အားကြိုးတွေဝယ်ယူရေးအတွက်ကို ၈-၂-၂၀၁၈ ရက်နေ့မှာလည်း ထပ်မံစာချုပ်ချုပ်ဆိုပြီးဖြစ်ပါတယ်။ လိုအပ်နေသေးတဲ့ ကြွေသီးနှင့်ဆက်စပ်ပစ္စည်းတွေ၊ ထရန်စဖော်မာရဲ့ဆက်စပ်ပစ္စည်းတွေနဲ့ သံလက်တန်း အစရှိတဲ့ ကိစ္စရပ်တွေကိုလည်း ထပ်မံတင်ဒါခေါ်ဆို စိစစ်နေတာဖြစ်ပါတယ်။ NEP ရဲ့ ပထမအဆင့် အကောင်အထည်ဖော်တည်ဆောက်တဲ့ မြေပြင်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ဆိုတာလေးကို ထပ်မံရှင်းလင်းတင်ပြအပ်ပါတယ်။ အဆိုပါအစီအစဉ်များထဲမှာ ကျန်ရှိနေခဲ့တဲ့ ကိုယ်စားလှယ်ကြီးမေးတဲ့ ၃၂ ရွာအနက်မှ ၃၀ ရွာပါရှိပြီး ကျန်ရှိနေတဲ့ သမိုင်းကုန်းကျေးရွာ

လျှပ်စစ်ဓာတ်အားရရှိရန်အတွက် လိုအပ်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်း ၁ မိုင်နဲ့ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီ ထရန်စဖော်မာ ၁ လုံးကို ကျေးရွာအတွင်းမှာရှိတဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွေ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဆိုပါ တည်ဆောက်ခြင်းလုပ်ငန်းများကိုတော့ ၂၀၁၈ ခုနှစ်၊ ၆ လ ဘဏ္ဍာရေးနှစ်အတွင်း မှာ ရှမ်းပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ ညှိနှိုင်းစီစဉ်ဆောင်ရွက် ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် လယ်သမားတို့၏ နှစ်စဉ်စိုက်ပျိုးရာမှ ထွက်ရှိလာသော အရိုး၊ အရွက်နှင့် ကိုင်းဖျားကိုင်းနားများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသာအောင်(မြို့သစ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများနှင့် အခြားဖိတ်ကြားထား သော ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင် ဖြစ်ပါ တယ်။ ဒီနေ့ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသော အရိုး၊ အရွက်နှင့် ကိုင်းဖျားကိုင်းနားတို့ကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ နိုင်ငံတော်အနေ ဖြင့် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမမေးမြန်းခင် ကျွန်တော် မေးမယ့်မေးခွန်းဟာ Bio Gas လည်း မဟုတ်ပါဘူး။ Bio Liquid လည်းမဟုတ်ပါဘူး။ Bio Mass ဖြစ်တဲ့ ကိုင်းဖျားကိုင်းနားတွေကို အသုံးပြုပြီးတော့ ဆောင်ရွက်မယ့်အစီအစဉ်ဖြစ်ပါတယ်။ ဒီမေးခွန်း လေးမေးထားစဉ်မှာပဲ မင်္ဂလာသတင်းများဖြစ်ကြတဲ့ မဂ္ဂါဝပ် ၃၀၀၀ လောက် MOU ဘဝမှ MOA ဘဝ သို့ ပြီးမြောက်အောင်မြင်နေကြောင်းလည်း ကြားသိရတဲ့အတွက် ဝန်ကြီးဌာနကိုလည်း အထူးကျေးဇူး တင်ပါတယ်။ အဲဒီတော့ ဒီမေးခွန်းလေးဖြစ်ပေါ်ရခြင်းအကြောင်းရင်းကလည်း ကျွန်တော်တို့တစ်တွေ လွှတ်တော်နားရက်တွေမှာ ကျွန်တော်တို့ရဲ့မဲဆန္ဒနယ်မြေကိုရောက်တဲ့အခါမှာ အထက်ကမေးမြန်းသွား တဲ့ ကိုယ်စားလှယ်ကြီးများကဲ့သို့ပင် ကျွန်တော်တို့မေးမြန်းခံရတဲ့အထဲမှာ လျှပ်စစ်ဘယ်တော့ရမလဲ။ နောက်တစ်ချက်က အရှုံးပေါ်နေတဲ့ တောင်သူတွေက မေးမြန်းတာကျတော့ သီးနှံဈေးလေး ဘယ်တော့ ကောင်းလာမလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီတော့ ဒီမေးခွန်းနှစ်ခုကို ဆက်စပ်ပြီးတော့ ရရှိလာတဲ့ အခါမှာ ကျွန်တော့်အနေနဲ့ ဒီလိုမေးဖြစ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ လယ်သမားတွေမှာ အားလုံးသိကြ တဲ့အတိုင်း နည်းပညာချို့တဲ့မှု၊ ကုန်ဈေးနှုန်းမတည်ငြိမ်မှု၊ မျိုးကောင်းမျိုးသန့်ရရှိမှုနည်းပါးမှုကြောင့် ဒီနေ့လယ်သမားအများစုက အရှုံးပေါ်နေပါတယ်။ သူတို့အတွက် ရောက်တိုင်းစဉ်းစားမိတဲ့အထဲမှာ အထိုက်အလျောက် သီးနှံဈေးလည်းအထူးမျှော်စရာမလိုဘဲနဲ့ နိုင်ငံအတွက်လည်း လျှပ်စစ်လိုအပ်နေ တာအမှန်ဖြစ်တဲ့အတွက် ဒီလုပ်ငန်းမှာ သုံးမယ့်လောင်စာဖြစ်တဲ့ လောင်စာဓာတ်ငွေ့ဖိုးဟာ ကျွန်တော်တို့တွက်ကြည့်တဲ့အခါမှာ တစ်ယူနစ်ကို မြန်မာငွေကျပ် ၆၀ ခန့် အသုံးပြုပြီးတော့ လည်ပတ် ရတာဖြစ်ပါတယ်။ ၂၄ နာရီလည်ပတ်လို့ရှိရင် တစ်မဂ္ဂါဝပ်ဟာ ၁၄၄၀၀၀၀ လောက် ကုန်ကျမှာဖြစ်ပါ တယ်။ ဒါဟာ တစ်နှစ်စာဆိုလို့ရှိရင် ဓာတ်ငွေ့ဖိုးဟာ သန်း ၅၀၀၀ ကျော်လောက် ကုန်ကျသွားမှာ ဖြစ်ပါတယ်။ ဒါဟာ ဓာတ်ငွေ့ဖိုးသက်သက်ပြောတာပါ။ အခုကျွန်တော်တင်ပြမယ့် Bio Mass ဆိုတာက

ကိုင်းဖျားကိုင်းနားအပါအဝင် သဘာဝအလျောက်ပေါက်ရောက်နေတဲ့၊ အလေ့ကျပေါက်နေတဲ့ သစ်ပင်တွေကို အသုံးပြုပြီးတော့ ဒီနေ့ကမ္ဘာမှာ ကျွန်တော်တို့နိုင်ငံပတ်ဝန်းကျင်မှာ နိုင်ငံတွေမှာလည်း အသုံးပြုနေပြီး ဖြစ်ပါတယ်။ ဒီလိုအသုံးပြုပြီးတော့ လည်ပတ်လိုက်တဲ့အခါမှာ ကျွန်တော်တို့တောင်သူတွေမှာ ဒီကနေပြီးတော့ အပိုဝင်ငွေတွေရလာနိုင်တဲ့အတွက် ကျွန်တော်ဒီမေးခွန်းကို မေးဖြစ်တာဖြစ်ပါတယ်။ အားလုံးသိကြတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လည်း ဖြစ်ပါတယ်။ ဘယ်လောက်ဝင်ငွေတိုးနိုင်နှုန်းလေ့လာတဲ့အခါမှာ သီးနှံကိုယူမယ်ဆိုလို့ရှိရင် ကျပ် ၁၀၀၀၀ မှ သိန်းဂဏန်းအထိ အပိုဝင်ငွေဖြစ်စေမှာဖြစ်ပြီးတော့ ဒါဟာလောင်စာအတွက် သီးသန့်ရည်ရွယ်စိုက်ပျိုးမယ်ဆိုရင် ကျပ် ငါးသိန်းမှ ၁၀ သိန်းကျော်အထိ ဝင်ငွေရရှိနိုင်တဲ့အတွက် ဒီလုပ်ငန်းကို နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ပေးဖို့၊ ဒါမှမဟုတ် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ အားလုံးမင်္ဂလာပါ။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဟာ လက်ရှိလျှပ်စစ်ဓာတ်အားရရှိပြီးသူများက တိုးတက်သုံးစွဲမှုရယ်၊ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့ ဒေသတွေကို တိုးချဲ့လျှပ်စစ်ဓာတ်အားပေးရာမှ တိုးတက်လိုအပ်ချက်တွေများကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကတော့ နှစ်စဉ် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိပါတယ်။ ဒီလိုလျှပ်စစ်ဓာတ်အားတိုးတက်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေဖြစ်တဲ့ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေစွမ်းအင်စတဲ့ အရင်းအမြစ်များကိုပါ ပေါင်းစပ်ပြီးတော့ လောင်စာစွမ်းအင်များနဲ့ပူးပေါင်းပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိတာဖြစ်ပါတယ်။ ထိုသို့စီမံထုတ်လုပ်ရာမှာ ဓာတ်အားစနစ်တည်ငြိမ်ဖို့ အဓိကလိုအပ်ပါတယ်ခင်ဗျား။ ထိုသို့တည်ငြိမ်အောင် ထုတ်လုပ်နိုင်ဖို့ဆိုရင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကနေ လျှပ်စစ်ထုတ်လုပ်မှုပါဝင်တဲ့ အချိုးအစားကို အကန့်အသတ်နဲ့ထုတ်လုပ်ရတာ ဖြစ်ပါတယ်။

ဇီဝလောင်စာဖြစ်တဲ့ သစ်ကိုင်း၊ သစ်ရွက်များက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားဖြစ်ပြီးတော့ ကျေးလက်ဒေသများမှာ အဆိုပါလောင်စာများကို လွယ်ကူစွာရရှိနိုင်တယ်ဆိုတာတော့ မှန်ပါတယ်။ ကာဗွန်ထုတ်လုပ်မှု ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ အခြားလောင်စာစွမ်းအင်များကိုတော့ အသုံးချမှုကို အစားထိုးလျှော့ချနိုင်မှာတော့ ဖြစ်ပါတယ်။ သို့သော် ဇီဝလောင်စာကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရင် အိုဇုန်းလွှာကို ထိခိုက်စေတဲ့ မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှု ဓာတ်ငွေ့ထွက်ရှိမှုဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီအပြင် အဆိုပါလောင်စာများကို ရာသီအလိုက်စိုက်ပျိုးထုတ်လုပ်ကြတာ ဖြစ်တဲ့အတွက်ကြောင့် ထွက်ရှိမှုဟာ တစ်နှစ်တာပတ်လုံး ထွက်ရှိနိုင်ဖို့၊ ရရှိနိုင်ဖို့ ခန့်မှန်းတွက်ချက်ဖို့ အင်မတန် အရေးကြီးလာတာဖြစ်ပါတယ်။ ထို့အပြင် ရာသီအလိုက်ထွက်ရှိလာတဲ့ဟာကို တစ်နှစ်ပတ်လုံးလည်ပတ်နိုင်ဖို့ဆိုလို့ရှိရင် အဆိုပါ

လောင်စာများကို စုဆောင်းသိုလှောင်ထားဖို့နေရာတွေ အများကြီးလိုအပ်တာဖြစ်ပါတယ်။ ဒီအပြင် လယ်ယာမြေဧကပေါင်းများစွာမှာ စိုက်ပျိုးထုတ်လုပ်မယ့် အဆိုပါလောင်စာများကို စုဆောင်းသယ်ယူရတဲ့စရိတ်များရယ်၊ သယ်ယူရမယ့် လမ်းပန်းဆက်သွယ်ရေးအကွာအဝေးရယ်၊ ဒီဟာတွေကိုလည်း ကျွန်တော်တို့ဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်ထဲမှာ ပါဝင်သက်ရောက်လာမှာ ဖြစ်ပါတယ်။ ဒီအပြင် အခြားလောင်စာများ နှင့် နှိုင်းယှဉ်လို့ရှိရင် လျှပ်စစ်ထုတ်လုပ်တဲ့အခါမှာ Efficiency အလွန်နိမ့်တဲ့အတွက်ကြောင့် ကုန်ကျ စရိတ်အထူးများပြားတဲ့ အားနည်းချက်ရှိနေတာ ဖြစ်ပါတယ်။

ဇီဝလောင်စာတွေကို တစ်နှစ်ပတ်လုံးစဉ်ဆက်မပြတ်ရရှိအောင် စိုက်ပျိုးမယ်ဆိုလို့ရှိရင် လေ့လာမှုများအရ ၁၀၀၀ ကီလိုဝပ်နာရီလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ဖို့အတွက် သစ်တန်ချိန် တစ်တန်နှင့်ညီမျှတဲ့ ဇီဝလောင်စာလိုအပ်လာမှာဖြစ်ပါတယ်။ အဆိုပါလောင်စာရရှိဖို့အတွက် စိုက်ပျိုးမြေဧရိယာလိုအပ်ချက်က ဧက ၇၀၀ လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါနည်းလမ်းနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ကုန်ကျစရိတ်ဟာ 1 မဂ္ဂါဝပ်အတွက် အမေရိကန်ဒေါ်လာ ၄ သန်းခန့်ရင်းရမှာ ဖြစ်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက်ဆိုရင် 1 မဂ္ဂါဝပ်ထုတ်လုပ်ဖို့ ၁.၂ သန်းခန့်သာရင်းရတာဖြစ်ပါတယ်။ ဒါကြောင့် တစ်ယူနစ်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်ဟာ ဇီဝလောင်စာနှင့်ထုတ်လုပ်ခဲ့ရင် အမေရိကန်ဒေါ်လာ ၃၆ ဆင့်ကနေ ၄၀ ဆင့်အထိ ကုန်ကျလာမှာဖြစ်ပြီးတော့ မြန်မာကျပ်ငွေ ဓာတ်အားခအရင်းကကို ၄၀၀ ကျပ်ကနေ ၅၀၀ ကျပ်ခန့်အထိ ရောက်ရှိသွားမှာဖြစ်တဲ့အတွက်ကြောင့် ဓာတ်အားခဈေးနှုန်းကြီးမြင့်လာလို့ရှိရင်လည်း ပြည်သူလူထုနှင့် စက်မှုလုပ်ငန်းရှင်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်ပြီး မဂ္ဂါဝပ်ပမာဏအဆင့်ရှိတဲ့ တပ်ဆင်အင်အားကြီးမားတဲ့ ဇီဝလောင်စာသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်ဖို့ရာအတွက်ကို ဝန်ကြီးဌာနအနေနဲ့ လတ်တလောဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့(၂၁-၂-

၂၀၁၈ ရက်နေ့)မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၂၃-၂-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၂၆)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၃၃)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာ ပါတယ်။ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်း ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့ (၂၆)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့စိစစ်တင်ပြချက်ကို ဖတ်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းတဲ့ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေ များ ထိန်းသိမ်းရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမ နေ့ဖြစ်တဲ့ ၈-၁၁-၂၀၁၇ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော် သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၉-၂-၂၀၁၈ ရက်နေ့၌ ကျင်းပသော အမျိုးသား လွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ဖြစ်တဲ့ ၂၁-၂-၂၀၁၈ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၃-၂-၂၀၁၈ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)၊ ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင် ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စ

ရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၇-၂-၂၀၁၈ ရက်နေ့၊ ၈-၃-၂၀၁၈ ရက်နေ့တို့မှာ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်း အစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသား လွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက်မှ အချက်(၂၆)ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ပြင်ဆင်များအနက်မှ သဘောတူလက်ခံသည့် အချက်(၂၆)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့် အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ မှ ၆ | ၂၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၂ | အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ်ခွဲ(ဖ)၊ အပိုဒ်ခွဲ(ဗ)၊ အပိုဒ် ၅ |
| (ဂ) | ၉ မှ ၁၁ | ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ | အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ည)ကို ပယ်ဖျက်ခြင်း၊ အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၄၊ အမျိုးသားလွှတ်တော်၏အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၅ |
| (ဃ) | ၁၆ မှ ၂၀ | ၄၁၊ ၄၄၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁ | အပိုဒ် ၂၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(က) |
| (င) | ၂၁ မှ ၂၂ | ၅၄၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉ | အပိုဒ် ၄၀ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၆ ခြေဆင်း၊ အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ) |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်(၂၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၂၆)ချက် ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြသွားတဲ့ အချက်(၂၆)ချက်ကို အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီရဲ့ထပ်မံပြင်ဆင်ချက်(၁၁)ချက်ကို တင်ပြ ဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁၁)ချက် ရှိပါတယ်။ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားပြီးလည်း ဖြစ်ပါတယ်။

[ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁၁)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၃ | အပိုဒ် ၂ အပိုဒ်ခွဲ(ခ) |
| (ခ) | ၆ မှ ၈ | ၁၁၊ ၁၃၊ ၁၄၊ ၁၇၊ ၂၀ | အပိုဒ် ၂ အပိုဒ်ခွဲ(ဘ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၉ အပိုဒ်ခွဲ (င)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က) |
| (ဂ) | ၁၅ မှ ၁၇ | ၃၈၊ ၄၃၊ ၄၆ | အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ) |
| (ဃ) | ၂၀ မှ ၂၁ | ၅၂၊ ၅၅ | အပိုဒ် ၃၈၊ အပိုဒ် ၄၁ ခြေဆင်း |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ထပ်မံ ပြင်ဆင်ရန် တင်ပြချက် (၁၁)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်

ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့်အတိုင်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် (၁၁)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် (၁၁)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက် (၂၂)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက် (၂၂)ချက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက် (၂၂)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ | ၄ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) |
| (ခ) | ၇ မှ ၉ | ၁၅၊ ၁၆၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂ | အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခြေဆင်း |
| (ဂ) | ၁၁ မှ ၁၇ | ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၉၊ ၄၀၊ ၄၂၊ ၄၅ | အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၉ ခြေဆင်း၊ အ ပိုဒ် ၁၉ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ဂ) |
| (ဃ) | ၂၀ မှ ၂၁ | ၅၃ | အပိုဒ် ၃၉ ခြေဆင်း |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက် (၂၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် (၂၂)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် (၂၂)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၃၃)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကြမ်းကို ၈-၁၁-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ထိုဥပဒေကြမ်းကို ၉-၂-၂၀၁၈ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန် တင်ပြချက် (၁၁)ချက်နှင့် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း ထားရှိမည့်အချက် (၂၂)ချက် စုစုပေါင်း အချက်(၃၃)ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။ ထိုသို့သဘောထားကွဲလွဲသည့်အချက် (၃၃)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၃၃)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင်ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ (၁၃.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Major Myint Nwe | U Sai Aung Kyaw




Dr Tun Naing | U Toe Thaung




Dr Tun Naing | U Pe Than




Dr Tun Naing | U Aung Thike




Dr Tun Naing | U Khin Maung Myint




Dr Tun Naing | U Thar Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်